# သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲ

ရှင်ယောဟန် ၂၀း၁၉ - ၂၃

သခင်ယေရှုဟာ ကောင်းကင်ဘုံကို တက်ကြွသွားပေမဲ့ ကျနော်တို့နဲ့ အတူတူရှိနေမည့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ကျနော်တို့ဆီသို့ စေလွှတ်ပေးတော်မူပါတယ်။ ဒါကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားဟာ နေရာတိုင်းမှာ လူတိုင်းရဲ့စိတ်နှလုံးကို အကောင်းဘက်သို့ ပြောင်းလဲဖို့အတွက် လှုံ့ဆော်ပေးနေပါတယ်။ ဒီဝိညာဉ်တော်ဘုရားနဲ့ မပြည့်ဝဘူးဆိုရင် ကျနော်တို့ ခရစ်ယာန်တွေက ခရစ်ယာန်လို့တောင် ခေါ်လို့ မရတော့ပါဘူး။ ခရစ်ယာန်ပီသဖို့အတွက် ကျနော်တို့က ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝဖို့ လိုပါတယ်။

ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝတယ်ဆိုတာ ဘာကိုခေါ်တာပါလဲ။ ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝရင် လူဟာ ဘယ်လိုဖြစ်လာပါသလဲဆိုတာကို နမူနာ ပြရရင် သခင်ယေရှုကို ကြည့်ပါ။ သခင်ယေရှုဟာ ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝလို့ ဘယ်လိုနေထိုင်ခဲ့သလဲဆိုတာ မြင်သာပါတယ်။ ပရောဖက် ဟေရှာယကျမ်း ၄၂း ၁ - ၄ မှာ ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝတဲ့သခင်ယေရှုဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတာ ပရောဖက် ဟေရှာက ကြိုတင်ရေးထားတာကို ဖတ်ကြည့်ပါ။ “ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါ ရွေးချယ်သောသူကို ကြည့်ရှုလော။ ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။ သူသည် လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။ အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍ လမ်းခရီး၌ သူ၏အသံကို အဘယ်သူမျှ မကြားစေရ။ နင်းနယ်လျက်ရှိသော ကျူပင်ကို မချိုး၊ အတောက်သေးသော မီးစာကို မသတ်။ တရားသည် မြဲမြံခြင်းသို့ ရောက်မည့်အကြောင်း စီရင်လိမ့်မည်။ မြေကြီးပေါ်မှာ တရားတော်ကို မတည်စေမီတွင် အားမလျှော့၊ စိတ်လည်းမပျက်ရ။ သူ၏တရားကိုလည်း တကျွန်းတနိုင်ငံသားတို့သည် မျှော်လင့်ကြလိမ့်မည်” ။ ဒီကျမ်းပိုဒ်ကို ကြည့်ရင် သခင်ယေရှုဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ သိသာပါတယ်။

အထက်က ကျမ်းပိုဒ်ထဲမှာ ကြားရသလိုပဲ သခင်ယေရှုဟာ ဝိညာဉ်တော်နဲ့ ပြည့်ဝလို့ ဘယ်လောက်တောင် နူးညံ့သိမ်မွေ့သလဲဆိုရင် “နင်းနယ်လျက်ရှိသော ကျူပင်ကို မချိုး၊ အတောက်သေးသော မီးစာကို မသတ် ” တဲ့။ နင်းနယ်လျက်ရှိသော ကျူပင်ဆိုတာ နွားနင်းထားတဲ့ကောက်ရိုးလိုပဲ မခိုင်တော့တဲ့ ကောက်ရိုးလေးတောင် မလဲစေရဘူး၊ မီးတောက်ကလေးက ငြိမ်းတော့မယ် ပြာလှဲ့ လှဲ့လေး ဖြစ်နေတာတောင် သခင်ယေရှုကြောင့် မငြိမ်းစေရဘူး။ အဲဒီလောက်အထိ နူးညံ့သိမ်မွေ့တာ။ ဒါကြောင့် ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝတဲ့ သခင်ယေရှုက ချစ်တတ်တယ်။ နားလည်ပေးတတ်တယ်။ သနားတတ်တယ်။ ခွင့်လွှတ်တတ်တယ်။ အပြစ်ကျူးလွန် ဖောက်ပြန်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ဖါရိရှဲဦးတွေက ဆွဲခေါ်လာပြီး ဥပဒေအရ ကျောက်ခဲနဲ့ ပစ်ပေါက်သတ်ရမှာကို သခင်ယေရှုက ကာကွယ်ပေးခဲ့တယ်မဟုတ်ဘူးလား။ ဒီအမျိုးသမီးရဲ့ နောက်ကွယ်က ပြဿနာကို သခင်ယေရှုက နားလည်ပေးတတ်တယ်။ ဒါကြောင့်လည်းပဲ နှိမ့်ရိုညှိုးငယ်သောသူတို့၏ စိတ်ဖြေရာလို့ ယေရှုရှင်နှလုံးတော်ကို ခေါ်ကြတာပေါ့။ လောကမှာ အကြီးအကဲ တော်တော်များများက နားလည်မပေးတတ်ဘူး၊ အတိမ်းအစောင်း မခံဘူး။ စိတ်မရှည်ဘူး။ စိတ်ရှုပ်လွယ်တတ်ကြလို့ လက်အောက်ငယ်သားရဲ့ အခက်အခဲကို

နားထောင်မပေးတတ်ဘူး။ အဲလို အကြီးအကဲတွေဆိုရင် မိုးလေဝသ အခြေအနေကြည့်ပြီးမှ ကပ်လို့ရတာ။ သခင်ယေရှုဆိုရင် ကလေးတွေကတောင် ကပ်လို့ရတယ်။ လူချစ်လူခင် ပေါတယ်။ ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝသူတွေက ဒီလို စိတ်ထားတွေ ရှိလာတယ်။

"မြေကြီးပေါ်မှာ တရားတော်ကို မတည်စေမီတွင် အားမလျှော့၊ စိတ်လည်းမပျက်ရ။" လို့ ကျမ်းစာထဲပါတဲ့အတိုင်းပဲ သခင်ယေရှုဟာ သူ့ရဲ့ တရားဒေသနာကို စိတ်အားထက်သန်စွာ တချိန်လုံး ဖွဲ့ရှိရှိ ဟောပြောနေလို့ သခင်ယေရှုရဲ့ ဆွေမျိုးတွေကတောင် သခင်ယေရှုကို ရူးနေပြီလို့ ထင်ခဲ့ကြသေးတယ် မဟုတ်လား။

အခု ကျနော်တို့ ဘုရားကျောင်းတွေမှာ သာသနာ့အလုပ်ကို ဝိုင်းလုပ်ပေးကြတဲ့ စိန်ဗင်းဆင်းအသင်းသားတွေ၊ မယ်တော်တမန်တော်တွေ ၊ လူငယ်တွေဟာ သခင်ယေရှုလို စိတ်အားထက်သန်မှု မရှိကြဘူး။ ပြဿနာ အခက်အခဲလေးများ တွေ့ရင် ရန်ဖြစ်ကြတယ်။ အသင်းထဲက ထွက်မယ်ဆိုတာတွေပဲ ကြားနေရပါတယ်။ ဒါဟာ ဝိညာဉ်တော်ဘုရားနဲ့ မပြည့်ဝကြတဲ့ ခရစ်ယာန်တွေပါပဲ။

သခင်ယေရှုအကြောင်းကို ကြိုတင်ရေးထားတဲ့ နောက်ထပ် ဟေရှာယရဲ့ ကျမ်းပိုဒ် တစ်ခုကတော့ (ဟေရှာယ ၆၁း၁)မှာ " ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ဟောကြားစေခြင်းငှါ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းကို ပြစေခြင်းငှါလည်းကောင်း ငါ့ကို စေလွှတ်တော်မူ၏။"

သခင်ယေရှုဟာ ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝလို့ ဆင်းရဲသားတွေကိုတောင် ဝမ်းမြောက်စေမည့်တရားကို ဟောပြောနိုင်တယ်။ "နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှါလည်းကောင်း " လို့ ရေးထားတဲ့အတိုင်းပဲ သခင်ယေရှုက ခံစားချက် ဒဏ်ရာရှိသူတွေ မကြေမချမ်း ရှိနေသူတွေကို ကြေအေးသွားစေနိုင်ပါတယ်။ "ငါပေးတဲ့ငြိမ်းချမ်းသာယာခြင်းဟာ လောကက ပေးတဲ့ငြိမ်းချမ်းသာယာခြင်းနဲ့ မတူတဲ့ " တည်ငြိမ်အေးချမ်းမှုကို ရရှိစေပါတယ်။

ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက် ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းကို ပြစေဖို့လို့ ဆိုထားတဲ့အတိုင်း သခင်ယေရှုဘဝတစ်လျှောက်လုံးမှာ သူတပါးကို မခွင့်လွှတ်ပဲ ချည်နှောင်ထားမျိုး မရှိဘူး။ ရန်ငြိုး မရှိဖူးဘူး။ ကုန်ကုန် ပြောရရင် သူ့ကို သတ်တဲ့လူတွေအပေါ်မှာတောင် "သူတို့ မသိလို့ လုပ်မိတာပါ။ ခွင့်လွှတ်ပေးပါ" လို့ ခမည်းတော်ဘုရားထံမှာ တောင်းလျှောက်ခဲ့တယ်။

ဒါကြောင့် ဘာသာသူတို့ သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝတဲ့သူဟာ သခင်ယေရှုလို နူးညံ့သိမ်မွေ့လာတယ်။ လူတိုင်းကို ချစ်တတ်လာတယ်။ ကိုယ်ချင်းစာ နားလည်ပေးတတ်တယ်။

ဝိညာဉ်တော်ဘုရားရဲ့ လှုံ့ဆော်မှု ခံယူတဲ့ မာသယ်ထရေဇာကို ကြည့်ပါ။ မကြာခင် လမ်းဘေးမှာ သေတော့မည့် တောင်းစားနေတဲ့လူနာကို ကိုယ့်ကျောင်းမှာ ခေါ်လာပြီး ပြုစုစောင့်ရှောက်နိုင်ကြတယ်။ မြန်မာနိုင်ငံမှာလည်း အနူရောဂါသည်တွေကို

ကြည့်ရှုစောင့်ရှောက်ပေးနေကြတဲ့ သီလရှင် အသင်းဂိုဏ်းတွေလည်း တွေ့ဖူးကြမှာပါပဲ။

ကျနော်တို့ ခရစ်ယာန်တွေမှာ ဆေးကြောခြင်းခံတုံးကရော၊ အထူးသဖြင့် ခရစ္စမားအားပေးခြင်း ခံယူတုံးကရော သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကို ခံယူရရှိခဲ့ကြတာပါပဲ။ ဒါပေမဲ့ ကျနော်တို့က ဝိညာဉ်တော်ရဲ့ တန်ခိုးတော်နဲ့ ပြည့်ဝအောင် မလုပ်ကြပါဘူး။ ဒါကြောင့် ကျနော်တို့ ခရစ်ယာန်တွေက မပူမအေး ခရစ်ယာန်တွေ ဖြစ်နေကြတယ်။ ဒါကြောင့် ခွင့်လွှတ်ဖို့ ခက်နေကြတယ်။ အပြစ်ကို စွန့်လွှတ်ဖို့ ခက်နေကြတယ်။

ဝိညာဉ်တော်နဲ့ ပြည့်ဝစေဖို့ဆိုရင် သင်ကိုယ်တိုင်က စိတ်နှိမ့်ချပါ။ သင်က နှိမ့်ချလေလေ ဝိညာဉ်တော်နဲ့ ပြည့်ဝလေလေ ပါပဲ။ နောက်ပြီး သခင်ယေဇူးရဲ့ဘဝအသက်တာအတိုင်း တရားတော်နဲ့အညီ ကောင်းမွန်စွာ နေထိုင်အသက်ရှင်ဖို့ စိတ်ဆန္ဒ ပြင်းပြပါစေ။ ဒါဆိုရင် သင်ဟာ တနေ့တခြား ဝိညာဉ်တော်နဲ့ ပြည့်ဝလာပါလိမ့်မယ်။ ဝိညာဉ်တော်နဲ့ ပြည့်ဝလာတဲ့လူတိုင်းက ဘုရားသခင်ရဲ့ နှုတ်တော်ထွက်စကား ကျမ်းစာကို ဖတ်ချင် သိချင် နေပါလိမ့်မယ်။ နောက်ပြီး အချိန်တိုင်း ဘုရားသခင်ထံ ဆုတောင်း စကားပြောချင်နေပါလိမ့်မယ်။

သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝလာသူတွေမှာ ဖြစ်ပေါ်လာတဲ့ စိတ်ထားတွေကတော့ " ချစ်ခြင်းမေတ္တာ ရှိလာတယ်၊ ဝမ်းမြောက်ရွှင်လန်းတယ်။ ငြိမ်းချမ်းသာယာတယ်။ စိတ်ရှည်သည်းခံတတ်လာတယ်။သနားကြင်နာတတ်တယ်။ ကောင်းမြတ်တယ်။ သစ္စာရှိတယ်၊ ဖောက်လွှဲဖောက်ပြန် မရှိဘူး။ နူးညံ့သိမ်မွေ့တယ်။ မိမိကိုယ်ကို ထိန်းချုပ်နိုင်တယ် ဆိုတဲ့ စိတ်ထားကောင်းတွေ ရလာပါလိမ့်မယ်။ (ဂလာဆီယာ ၅း၂၂)

ဒါကြောင့် ဘာသာသူတို့ အရေးကြီးတာက စိတ်နှိမ့်ချပါ။ နှိမ့်ချတဲ့သူကို သန့်ရှင်းသောဝိညာဉ်တော်ဘုရားက အများကြီး သွန်သင်ပေးပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။